ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

office@crphmyanmar.org

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်

ပြည်ထောင်စုလွှတ်တော် ပဉ္စမအကြိမ်အစည်းအဝေးသို့ အစီရင်ခံတင်ပြမည့် နိုင်ငံတကာလွှတ်တော်အသိုက်အဝန်းနှင့် ဆက်ဆံရေးခိုင်မာအားကောင်းလာစေရေး ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများ

နိဒါန်း

၁။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီသည် ပြည်ထောင်စုလွှတ်တော်၏ လုပ်ငန်းတာဝန်များကို တာဝန်ခံဆောင်ရွက်ရာတွင် လွှတ်တော်၏လုပ်ငန်းတာဝန်များအပြင် မြန်မာ့နွေဦးတော်လှန်ရေး လျင်လျင်မြန်မြန် အောင်မြင်စေရေးအတွက် နိုင်ငံတကာအသိုက်အဝန်း၏ အားပေးထောက်ခံမှုများနှင့် ပံ့ပိုးကူညီမှုများရရှိနိုင်စေရန်အလို့ငှာ နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU)၊ ဥရောပပါလီမန်အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာလွှတ်တော်များ၊ လွှတ်တော်အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်လျက် လွှတ်တော်ရေးရာ သံတမန်ဆက်ဆံရေးလုပ်ငန်းကိုလည်း အဓိကကဏ္ဍတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

ဦးစားပေးကဏ္ဍများနှင့် လုပ်ငန်းများ

၂။ နိုင်ငံတကာသံတမန်ဆက်ဆံရေးကဏ္ဍအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီနှင့် အမျိုးသားညီညွတ်ရေးအစိုးရတို့အား နိုင်ငံတကာလွှတ်တော်အသိုက်အဝန်းက ယခုထက်ပိုသည့် တရားဝင်အသိအမှတ်ပြုမှုများ ပိုမိုရရှိရေးနှင့် လက်တွေ့ကျသော ပံ့ပိုးကူညီမှုများရရှိရေး၊ မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့် အာဏာသိမ်းစစ်ကောင်စီ၏ အကြမ်းဖက်လုပ်ရပ်များ၊ လူ့အခွင့်အရေးချိုးဖောက်နေမှုများအား နိုင်ငံတကာ

အသိုက်အဝန်းက ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး၊ အကြမ်းဖက်စစ်ကောင်စီက ကျူးလွန်လျက်ရှိသည့် ရာဇဝတ်မှုများအတွက် တာဝန်ခံမှုရှိစေရေးနှင့် အပြစ်ပေးအရေးယူနိုင်ရေး၊ စစ်ကောင်စီအပေါ် သံတမန်ရေး၊ စီးပွားရေး၊ အရေးယူပိတ်ဆို့မှုများ၊ စစ်လက်နက်ရောင်းဝယ်မှု ပိတ်ပင်တားဆီးပေးရေးနှင့် အာဏာသိမ်းစစ်ကောင်စီ၏ ရွေးကောက်ပွဲအား ကန့်ကွက်တားဆီးနိုင်ရေးတို့အတွက် ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။

၃။ လွှတ်တော်ရေးရာ သံတမန်ဆက်ဆံရေးလုပ်ငန်းအား ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နိုင်ငံတကာဆက်ဆံရေးကော်မတီအား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး တွေ့ဆုံဆွေးနွေးမှုများတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီဥက္ကဋ္ဌက ဦးဆောင်၍ သင့်လျော်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းဆောင်ရွက်ပါသည်။ ဒေသတွင်းနှင့် နိုင်ငံတကာလွှတ်တော်ညီလာခံများ၊ အစည်းအဝေးများနှင့် ဆွေးနွေးပွဲများသို့ လူကိုယ်တိုင်တက်ရောက်ခြင်းများရှိသကဲ့သို့ အွန်လိုင်းမှတစ်ဆင့်လည်း ပါဝင်တက်ရောက်လျက်ရှိပါသည်။ ထို့ပြင် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေရန် သံတမန်စာများ တိုက်ရိုက်ပေးပို့ခြင်း၊ ချက်ချင်းတုံ့ပြန် ဆောင်ရွက်ရန်များရှိပါက ဖြစ်စဉ်နှင့်အတူ တောင်းဆိုတိုက်တွန်းချက်များပါဝင်သည့် ထုတ်ပြန်ချက်များအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ခြင်း၊ တိုက်ရိုက်ပေးပို့ခြင်း၊ ကြားခံအဖွဲ့အစည်းများမှတစ်ဆင့် ဆက်ဆံရေးတည်ဆောက်ခြင်းများကဲ့သို့ နည်းလမ်းအမျိုးမျိုးအသုံးပြု၍ ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတကာပါလီမန်များအဖွဲ့နှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှု

၄။ လွှတ်တော်ရေးရာသံတမန်ဆက်ဆံရေးအား တိုးမြှင့်လုပ်ဆောင်ခြင်းတွင် ဒီမိုကရေစီနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးကို ကာကွယ်ရန်လုပ်ဆောင်နေသည့် နိုင်ငံတော်အဆင့် လွှတ်တော်များဖြင့် ဖွဲ့စည်းထားသော နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU) နှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုသည် အာဏာသိမ်းမှုစတင်သည့်အချိန်မှစ၍ ယနေ့တိုင် ခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုများ ရှိနေဆဲဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီအဖွဲ့ဝင်များသည် IPU ဥက္ကဋ္ဌ Hon. Mr. Duarte Pacheco နှင့် အထွေထွေအတွင်းရေးမှူးချုပ် Mr. Martin Chungong တို့နှင့် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ၌ ဒီမိုကရေစီ

ပြန်လည်ရရှိရေးအတွက် မြန်မာလွှတ်တော်ကိုယ်စားလှယ်များ၏ ကြိုးပမ်းနေမှုများ၊ လွှတ်တော်၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေသည့် မြန်မာလွှတ်တော်ကိုယ်စားလှယ်များအပေါ် အာဏာသိမ်းစစ်ကောင်စီက ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်နေမှုများနှင့် အနာဂတ်တွင် နိုင်ငံတကာပါလီမန်များအဖွဲ့က ပူးပေါင်းကူညီပေးနိုင်မည့်ကိစ္စရပ်များကို တောင်းဆိုဆွေးနွေးခဲ့ပါသည်။

၅။ ၂၀၂၁ ခုနှစ်၊ မေလ ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့် (၁၄၂) ကြိမ်မြောက် IPU ညီလာခံ၌ IPU အမှုဆောင်ကော်မတီ၏ (၂၀၇) ကြိမ်မြောက် အစည်းအဝေးတွင် မြန်မာပြည်သူများနှင့်အတူ ရပ်တည်ကြောင်းပြသသည့်အနေဖြင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီအား IPU ညီလာခံအစည်းအဝေးများသို့ လေ့လာသူအဖြစ် တက်ရောက်နိုင်ရေး ဖိတ်ကြားသွားရန် ဆုံးဖြတ်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်မှ ၃၀ ရက်အတွင်း ကျင်းပခဲ့သည့် (၁၄၃) ကြိမ်မြောက် IPU ညီလာခံ၌ IPU အမှုဆောင်ကော်မတီ၏ (၂၀၈) ကြိမ်မြောက် အစည်းအဝေးက ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီအား IPU ၏ တရားဝင်မိတ်ဖက်ဆွေးနွေးဖက် အဖြစ် တိုးမြှင့်သတ်မှတ်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

၆။ ၂၀၂၂ ခုနှစ်၊ မတ်လ ၂၀ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သည့် (၁၄၄) ကြိမ်မြောက် IPU ညီလာခံ၏ (၂၀၉) ကြိမ်မြောက် IPU အမှုဆောင်ကော်မတီအစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီအား မြန်မာနိုင်ငံ၌ လွှတ်တော်တစ်ရပ် ပီပီပြင်ပြင်ပေါ်ပေါက်သည်အထိ IPU ၏ တရားဝင်မိတ်ဖက်ဆွေးနွေးဖက်အဖြစ်၊ IPU အစည်းအဝေးများတွင် မဲပေးခွင့်မရှိသော လေ့လာသူအဖြစ် တက်ရောက်ခွင့်ပြုရန်ဆုံးဖြတ်ချက်အား ဆက်လက်ထားရှိရန် ဆုံးဖြတ်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့သည့် (၁၄၅) ကြိမ်မြောက် IPU ညီလာခံတွင် IPU အမှုဆောင်ကော်မတီ၏ (၂၁၀) ကြိမ်မြောက် အစည်းအဝေးက မြန်မာ့ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ရပ်တည်ကြောင်းပြသရန် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လတွင် ရွေးကောက်ပွဲကျင်းပမည်ဟု ပြောကြားထားသည့် မြန်မာစစ်တပ်အား အသိအမှတ်မပြုရန် ဆုံးဖြတ်ခဲ့ပါသည်။ ထို့ပြင် (၁၄၅) ကြိမ်မြောက်ညီလာခံ၌ နိုင်ငံတကာလူသားချင်းစာနာ

ထောက်ထားမှုဥပဒေအား လေးစားလိုက်နာမှုမြှင့်တင်ရေးကော်မတီကလည်း မြန်မာနိုင်ငံ၏ ဒုက္ခသည်အခြေအနေများနှင့် နောက်ဆုံးဖြစ်စဉ်များကို ကြားနာခဲ့သည်။

၇။ နိုင်ငံတကာပါလီမန်များအဖွဲ့၏ တရားဝင်အသိအမှတ်ပြုမှုနှင့်အတူ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီသည် IPU ၏ ညီလာခံများနှင့် အခြားသောဆွေးနွေးပွဲများတွင်လည်း တက်ကြွစွာ ပါဝင်တက်ရောက်လျက်ရှိပါသည်။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၏ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းအား အားကောင်းလာစေရေးအတွက်လည်း ဆက်သွယ်ဆက်ဆံရေးကဏ္ဍတွင် နိုင်ငံတကာပါလီမန်များအဖွဲ့က ပံ့ပိုးကူညီလျက်ရှိပါသည်။ ထို့ပြင် အကြမ်းဖက်စစ်ကောင်စီက မြန်မာလွှတ်တော်ကိုယ်စားလှယ်များအပေါ် လူ့အခွင့်အရေးချိုးဖောက်နေမှုများနှင့်စပ်လျဉ်း၍လည်း IPU ၏ လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးဆိုင်ရာကော်မတီနှင့် လက်တွဲလုပ်ဆောင်လျက်ရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးဆိုင်ရာကော်မတီ၏ ကမ္ဘာတစ်ဝှမ်း လွှတ်တော်ကိုယ်စားလှယ်များအပေါ် လူ့အခွင့်အရေးချိုးဖောက်နေမှုများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာအား IPU ၏ ညီလာခံများတွင် အမှုဆောင်ကော်မတီက ဆုံးဖြတ်ချက်အဖြစ် ချမှတ်အတည်ပြုလေ့ရှိပြီး မြန်မာလွှတ်တော် ကိုယ်စားလှယ်များကြုံတွေ့ခံစားနေရသော ဆိုးရွားသည့် အခြေအနေများကိုလည်း ထည့်သွင်းချမှတ်ခဲ့သည်။

ဥရောပပါလီမန်နှင့် ဆက်ဆံရေး

၈။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီသည် အာဏာသိမ်းမှုစတင်သည့်အချိန်မှစ၍ ဥရောပပါလီမန်နှင့် ကောင်းမွန်သော သံတမန်ဆက်ဆံရေးတစ်ရပ်ကို ခိုင်ခိုင်မာမာတည်ဆောက်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီမှ အဖွဲ့ဝင် ဒေါ်ဇင်မာအောင် ပါဝင်သည့် အဖွဲ့ဝင်များသည် ဥရောပပါလီမန် ဒုတိယဥက္ကဋ္ဌ Hon. Ms. Heidi Hautala ဦးဆောင်သည့် ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၏ ဒီမိုကရေစီပြန်လည်ရရှိရေး ကြိုးပမ်းဆောင်ရွက်နေမှုများကို ပံ့ပိုးကူညီပေးနိုင်ရန်နှင့် အာဏာသိမ်းစစ်ကောင်စီအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများပြုလုပ်နိုင်ရေး ကြိုးပမ်းပေးရန် တောင်းဆိုတိုက်တွန်းခဲ့ပါသည်။

၉။ ယနေ့အချိန်ထိ ဥရောပပါလီမန်အနေဖြင့် မြန်မာ့အရေးဆိုင်ရာ ဆုံးဖြတ်ချက် (၄) ရပ် ချမှတ်ထားပြီး ထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်း၊ လွှတ်တော်အစည်းအဝေးများတွင် မြန်မာ့အရေး နှင့် စစ်ကောင်စီ၏ အကြမ်းဖက်မှုများကိုလည်း မကြာခဏ ဆွေးနွေးဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် အာဆီယံပါလီမန်များညီလာခံ၏ နှစ်စဉ်ညီလာခံအစည်းအဝေးများတွင်လည်း ဥရောပ ပါလီမန်မှ ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ့အရေးကိုထည့်သွင်း၍ ပြောကြားမှုများ ပြုလုပ်ပေးလေ့ ရှိပါသည်။

အာဆီယံပါလီမန်များအဖွဲ့ (ASEAN Inter-Parliamentary Assembly - AIPA) နှင့် ဆက်ဆံရေး

၁၀။ အာဆီယံပါလီမန်များအဖွဲ့ (AIPA) နှင့် ဆက်ဆံရေးတည်ဆောက်နိုင်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ခွင့်ရရှိရန် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီသည် ၂၀၂၁ ခုနှစ်၊ အစောပိုင်း မှစ၍ အာဆီယံပါလီမန်များအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီ(က)ကျဥ္ဇုဥက္ကဋ္ဌများထံသို့လည်းကောင်း၊ အဖွဲ့ဝင် လွှတ်တော် များသို့လည်းကောင်း တိုက်ရိုက်စာများပေးပို့၍ ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ AIPA အစည်းအဝေး များသို့ ပါဝင်တက်ရောက်ခွင့် မရရှိသေးခြင်းကြောင့် နှစ်စဉ်ညီလာခံများတွင် မြန်မာ့အရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှုများပါဝင်လာစေရန် အဖွဲ့ဝင်နိုင်ငံများသို့လည်းကောင်း၊ လေ့လာသူနိုင်ငံများ သို့ လည်းကောင်း ချဉ်းကပ်ဆောင်ရွက်ခဲ့ပါသည်။ ဆက်လက်၍လည်း AIPA မှ ကျင်းပပြုလုပ်မည့် အစည်းအဝေးများတွင် မြန်မာ့လွှတ်တော်အား ဖိတ်ကြားနိုင်ရေးနှင့် ပူးပေါင်းဆောင်ရွက်သွား နိုင်ရေး ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ပါသည်။

၁၁။ ၂၀၂၁ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် (၄၂) ကြိမ်မြောက်ညီလာခံတွင် အင်ဒိုနီးရှားလွှတ်တော် ကိုယ်စားလှယ်အဖွဲ့က "Draft Resolution on Parliamentary Support on the Situation in Myanmar" ခေါင်းစဉ်ဖြင့် အဆိုမူကြမ်းတင်သွင်းခဲ့သော်လည်း ဘုံသဘောတူညီချက်မရရှိခဲ့ပေ။ ယင်းညီလာခံတွင် အဖွဲ့ဝင်အင်ဒိုနီးရှား၊ စင်ကာပူနှင့် ဥရောပပါလီမန်တို့က ညီလာခံဖွင့်ပွဲ၌ မြန်မာ့ အရေးကို ထည့်သွင်းပြောကြားခဲ့ပါသည်။ (၄၂) ကြိမ်မြောက် အထွေထွေညီလာခံတွင် အာဏာသိမ်း စစ်ကောင်စီ၏ ကိုယ်စားလှယ်အဖွဲ့အား ဧည့်သည်တော်အဖြစ် (Guest of the Host) ဖိတ်ကြားခဲ့ ခြင်းကြောင့် AIPA ၏ မည်သည့်အစည်းအဝေးတွင်မှ ထပ်မံဖိတ်ကြားခြင်းမပြုရန် ကန့်ကွက်စာ ပေးပို့ခဲ့ပါသည်။

၁၂။ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်မှ ၂၅ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၄၃) ကြိမ်မြောက် AIPA အထွေထွေညီလာခံတွင် စစ်ကောင်စီ ကိုယ်စားလှယ်အဖွဲ့အား ဖိတ်ကြားခဲ့ခြင်းမရှိပါ။ (၄၃) ကြိမ်မြောက် အထွေထွေညီလာခံတွင် AIPA ၏ ပထမဆုံး တုံ့ပြန်ဆောင်ရွက်မှုအဖြစ် အာဆီယံဘုံသဘောတူညီချက် (၅) ရပ်အား အကောင်အထည်ဖော်ဆောင်ခြင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်တစ်ရပ်အား အင်ဒိုနီးရှားကိုယ်စားလှယ်အဖွဲ့က Emergency Item အဖြစ် တင်သွင်းခဲ့သည်။ အဆိုမူကြမ်းအား အမှုဆောင်ကော်မတီက ဘုံသဘောတူညီခဲ့ပြီးနောက် နိုင်ငံရေးကိစ္စရပ်များကော်မတီအစည်းအဝေးက "Parliamentary Diplomacy for the Implementation of the ASEAN Five-Point Consensus" အမည်ဖြင့် ဆုံးဖြတ်အတည်ပြုခဲ့ပါသည်။ ထို့ပြင် အဖွဲ့ဝင် အင်ဒိုနီးရှားလွှတ်တော်၊ လေ့လာသူ ဥရောပပါလီမန်နှင့် အမေရိကန်လွှတ်တော်တို့မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ညီလာခံဖွင့်ပွဲ၌ မိန့်ခွန်းပြောကြားရာတွင် မြန်မာ့အရေးကိစ္စအား ထည့်သွင်းပြောကြားခဲ့သည်ကို တွေ့ရပါသည်။

တွေ့ဆုံဆွေးနွေးမှုများ

၁၃။ **ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူး ကိုယ်စားလှယ် Dr. Noeleen Heyzer နှင့် တွေ့ဆုံခြင်း။** ပြည်ထောင်စု လွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်သည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူး ကိုယ်စားလှယ် Dr. Noeleen Heyzer အား ၂၀၂၂ ခုနှစ်၊ မေလ ၃ ရက် မြန်မာစံတော်ချိန် ၀၈း၀၀ နာရီအချိန်တွင် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် လက်ခံတွေ့ဆုံခဲ့ပါသည်။ တွေ့ဆုံမှုတွင် မြန်မာနိုင်ငံရှိ အခြေအနေများနှင့်စပ်လျဉ်း၍ စစ်ဘေးရှောင်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်နိုင်ရေးကိစ္စရပ်များ၊ အရပ်သားအစိုးရအုပ်ချုပ်မှုဆီသို့ ပြန်လည်ရောက်ရှိရေး၊ အားလုံးပါဝင်သော အဖြေများရှာဖွေရေး၊ ဖြစ်ပွားနေသော ပဋိပက္ခများ၊ အကြမ်းဖက်မှုများရပ်တန့်ရေးနှင့် နိုင်ငံရေးအကျဉ်းသားများ လွှတ်မြောက်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာအသိုက်အဝန်းက ကူညီဆောင်ရွက်ပေးသင့်သည့် ကိစ္စရပ်များအပေါ် ဆွေးနွေးဖလှယ်ခဲ့ပါသည်။

၁၄။ **ကုလသမဂ္ဂနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့တို့အကြား ပြုလုပ်သည့် အစည်းအဝေး ကာလအတွင်း အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့သို့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့် အလုပ်သဘောခရီး သွားရောက်ခြင်း။**

ကုလသမဂ္ဂနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့တို့အကြား ပြုလုပ်သည့် အစည်းအဝေးကာလအတွင်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်သည် နိုင်ငံတကာ သံတမန်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် အမေရိကန်ပြည်ထောင်စု၊ နယူးယောက် မြို့သို့ ၂၁-၆-၂၀၂၂ ရက်မှ ၂၂-၆-၂၀၂၂ ရက်နေ့အထိ အလုပ်သဘောခရီးသွားရောက်ခဲ့ပါသည်။ ယင်းခရီးစဉ်အတွင်း ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်မိုးထွန်းနှင့်အတူ နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU)၏ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာမာတင်ချောင်ဂေါင်၊ ကုလသမဂ္ဂဆိုင်ရာ ကနေဒါအမြဲတမ်းကိုယ်စားလှယ်၊ သံအမတ်ကြီး H.E. Mr. Robert Rae၊ ကုလသမဂ္ဂဆိုင်ရာ နော်ဝေနိုင်ငံအမြဲတမ်းမစ်ရှင်၏ အတိုင်ပင်ခံ Mr. Einar Rystad နှင့် လုံခြုံရေးကောင်စီနှင့် ငြိမ်းချမ်းရေး တည်ဆောက်ခြင်းကိစ္စရပ်များဆိုင်ရာ မူဝါဒ အကြံပေး Ms. Ingrid Erno ၊ အခြားကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ အမြဲတမ်းကိုယ်စားလှယ်များ နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့ပြင် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU) ဥက္ကဋ္ဌ၊ အထွေထွေ အတွင်းရေးမှူးချုပ်၊ အမြဲတမ်းကိုယ်စားလှယ်များ၊ သံတမန်များနှင့် International IDEA မှ တာဝန်ရှိသူများဖြင့် တွေ့ဆုံဆွေးနွေးနိုင်ရန် International IDEA အဖွဲ့အစည်းက တည်ခင်းသည့် မိတ်ဆုံစားပွဲသို့ တက်ရောက်ခဲ့သည်။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌ၏ နယူးယောက်ခရီးစဉ်သည် မြန်မာ့ဒီမိုကရေစီအတွက်အခက်အခဲများကို သိမြင်နိုင်မှုတိုးမြှင့်ပေးနိုင် ခြင်း၊ ပြည်သူကိုယ်စားပြုလွှတ်တော်နှင့် အစိုးရအဖွဲ့များ၏သဘောထားများကို နိုင်ငံတကာ အသိုက်အဝန်းက ကောင်းစွာသိရှိနားလည်စေခြင်း၊ အနာဂတ်တွင် အဓိကမိတ်ဖက်အဖွဲ့အစည်း များနှင့် အတူတကွပိုမိုလက်တွဲလုပ်ဆောင်သွားရန် သဘောတူညီမှုတို့ကိုရရှိခဲ့သည့် အကျိုး ဖြစ်ထွန်းသော ခရီးစဉ်တစ်ခုဖြစ်ပါသည်။

၁၅။ **မလေးရှားနိုင်ငံခြားရေးဝန်ကြီးနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်၊ အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီးများ တွေ့ဆုံခြင်း။**

မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်၊ အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီးများပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ တွေ့ဆုံဆွေးနွေးပွဲတွင် APHR အနေနှင့် အကြမ်းဖက်စစ်ကောင်စီ၏ လူ့အခွင့်အရေးချိုးဖောက်နေမှုများနှင့် အမျိုးသားညီညွတ်ရေးအစိုးရ၏ လုပ်ဆောင်ချက်များအားလုံးပါဝင်သော အစီရင်ခံစာရေးသား၍ အမေရိကန်အစိုးရ အပါအဝင် နိုင်ငံတကာ အစိုးရ၊ ဥရောပပါလီမန် အပါအဝင် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ အားလုံးထံသို့ ပေးပို့သွားနိုင်ရေး ဆွေးနွေးခဲ့ကြပါသည်။

၁၆။ **ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ အကြံပေးပုဂ္ဂိုလ် Mr. Derek Chollet နှင့်တွေ့ဆုံဆွေးနွေးခြင်း။**

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်သည် အမျိုးသား ညီညွတ်ရေးအစိုးရ၏ ကိုယ်စားလှယ်အဖွဲ့နှင့်အတူ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အကြံပေးပုဂ္ဂိုလ် Mr. Derek Chollet နှင့် တာဝန်ရှိသူများအား စက်တင်ဘာလ (၂၁) ရက်နေ့တွင် နယူးယောက်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့သည်။ အဆိုပါတွေ့ဆုံမှုတွင် အကြမ်းဖက်စစ်ကောင်စီက ကျင်းပပြုလုပ်ရန်စီစဉ်နေသည့် ရွေးကောက်ပွဲအပေါ် အမြင်နှင့် သဘောထားများ၊ အမေရိကန် အစိုးရအနေနှင့် စစ်ကောင်စီအပေါ် ဆက်လက်တိုးမြှင့် လုပ်ဆောင်သင့်သော စီးပွားရေးပိတ်ဆို့ အရေးယူမှုအတွက် ပစ်မှတ်ထားသင့်သည့် လုပ်ငန်းများ၊ တရားမျှတမှုဖော်ဆောင်နိုင်ရေးဆိုင်ရာ ယန္တရားများကို ထိရောက်စွာအသုံးပြုနိုင်မည့် ရှေ့လုပ်ငန်းစဉ်များ၊ လူသားချင်းစာနာမှု အကူအညီ များ၊ နည်းပညာ၊ ဆက်သွယ်ရေး၊ အတတ်ပညာပိုင်းဆိုင်ရာအကူအညီများ၊ ဒီမိုကရေစီရေး တက်ကြွ လှုပ်ရှားသူများ ပြည်သူ့ရင်ခွင်ခိုလှုံလာကြသူများအတွက် ကာကွယ်ကူညီမှုများနှင့် အခြားထောက်ပံ့ ကူညီမှုများ အကြောင်းတို့ကို ဆွေးနွေးခဲ့ကြပါသည်။

၁၇။ **နော်ဝေနိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့် တက်ရောက်ခြင်း။**

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ

ဥက္ကဋ္ဌသည် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC)၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ခေါင်းဆောင်များနှင့်အတူ နော်ဝေနိုင်ငံရေးပါတီများမှ ပါလီမန်အမတ်များနှင့် တွေ့ဆုံ၍ "CRPH ၏ ရပ်တည်ချက်၊ မူဝါဒနှင့် ဆောင်ရွက်နေမှုများ၊ အာဏာသိမ်း စစ်ကောင်စီ၏ အကြမ်းဖက် လုပ်ရပ်များ၊ စစ်ဘေးရှောင်ပြည်သူများနှင့် CDM ဝန်ထမ်းများအတွက် လိုအပ်လျက်ရှိသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီလိုအပ်နေမှုများ၊ အာဏာသိမ်းစစ်တပ်၏ တရားမဝင်စစ်ကောင်စီ၏ အာဏာသိမ်းမှုထွက်ပေါက်အဖြစ် အတုအယောင်ရွေးကောက်ပွဲ ကျင်းပ၍ ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများမှ ကင်းလွတ်နိုင်စေရေး ကြိုးပမ်းနေမှုများ" တို့ကို ဆွေးနွေးတင်ပြခဲ့ပြီး မြန်မာပြည်သူများအား ကူညီပေးနိုင်ရေးနှင့် လက်ရှိပဋိပက္ခအား အဆုံးသတ် နိုင်ပြီး ဒီမိုကရေစီ ပြန်လည်ရရှိရေးအတွက် NUG နှင့် CRPH တို့အား နော်ဝေပါလီမန်က တရားဝင်အသိအမှတ်ပြုပေးရေး ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ပေးရန်၊ မြန်မာပြည်သူများ၏ အသက် များစွာကို ကာကွယ်ပေးနိုင်ဖို့ အာဏာသိမ်းစစ်တပ်၏ တရားမဝင် စစ်ကောင်စီအား နော်ဝေအစိုးရက အကြမ်းဖက်အဖြစ် သတ်မှတ်ပေးရေး ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ပေးရန်နှင့် နော်ဝေအစိုးရက မြန်မာပြည်သူကိုယ်စားပြု CRPH ၊ NUCC နှင့် NUG တို့အား တရားဝင် အသိအမှတ်ပြုပေးပြီး ထိရောက်၍ လက်တွေ့ကျစွာ ပူးပေါင်းဆောင်ရွက်ပေးရေးအတွက် နော်ဝေလွှတ်တော် ကိုယ်စားလှယ်များက ကူညီကြိုးပမ်းပေးရန် တိုက်တွန်းတောင်းဆိုခဲ့ပါသည်။

၁၈။ **ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီနှင့် မြန်မာ၏ မိတ်ဆွေ ဩစတြေးလျ လွှတ်တော်အမတ်များ တွေ့ဆုံဆွေးနွေးခြင်း။** ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီနှင့် မြန်မာ၏ မိတ်ဆွေ ဩစတြေးလျ လွှတ်တော် အမတ်များသည် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ တွေ့ဆုံဆွေးနွေးပွဲတွင် အနာဂတ်တွင် ပိုမိုကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်နိုင်ရေး၊ အာဏာသိမ်း စစ်တပ်၏ အကြမ်းဖက်မှုများနှင့် ဆိုးရွားသောလုပ်ရပ်များကို တားဆီးကာကွယ်နိုင်ရေးအတွက် ဒီမိုကရေစီအရေးဆောင်ရွက်နေကြသူများကို အကူအညီပေးရေး၊ ဒီမိုကရေစီပြန်လည်ရရှိပြီး ငြိမ်းချမ်းသာယာစွာ ပြည်သူများ နေထိုင်နိုင်ရေး၊ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များနှင့်

အခြားသော နိုင်ငံရေးဦးဆောင်သူများက အနာဂတ် ဖက်ဒရယ်နိုင်ငံတည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြသည်။

၁၉။ **International IDEA Myanmar နှင့် ၂၀၂၃ ခုနှစ်အတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခြင်း။** ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA) တို့အကြား ၂၀၂၃ ခုနှစ် အတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ၁၀-၁-၂၀၂၃ ရက်နေ့တွင် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ တွေ့ဆုံဆွေးနွေးမှုတွင် CRPH ဘက်မှ တာဝန်ရှိသူများက ၂၀၂၃ ခုနှစ်အတွင်း ဆောင်ရွက်ရန် လျာထားသည့် လုပ်ငန်းအစီအစဉ်များနှင့် ပံ့ပိုးကူညီမှုရယူလိုသည့် အပိုင်းများကို ရှင်းလင်းတင်ပြခဲ့ပြီး International IDEA ဘက်မှ တာဝန်ရှိသူများက ၎င်းတို့၏ စီမံကိန်းများနှင့် CRPH ၏ လုပ်ငန်းအစီအစဉ်များအပေါ် ပံ့ပိုးပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြသည်။ ထို့နောက် CRPH ၏ ၂၀၂၃ ခုနှစ်၊ လုပ်ငန်းအစီအစဉ်များအနက်မှ ပြည်တွင်းတော်လှန်ရေးအင်အားစုများနှင့် မဟာမိတ်ဆက်ဆံရေး ခိုင်မာအားကောင်းလာစေရေး၊ နိုင်ငံတကာချိတ်ဆက်ဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရေး၊ အသွင်ကူးပြောင်းရေးကာလအတွက် လိုအပ်မည့် အစီအမံများနှင့် CDM ပြည်သူ့ဝန်ထမ်းသူရဲကောင်းများအား ပံ့ပိုးကူညီသွားနိုင်ရေးတို့အပေါ် ပံ့ပိုးကူညီပေးနိုင်ရေး ဆက်လက်ဆွေးနွေးသွားကြရန် သဘောတူညီခဲ့ကြပါသည်။

အစည်းအဝေးများနှင့် ဆွေးနွေးပွဲများ တက်ရောက်ခြင်း

၂၀။ **အာဆီယံအရေးကိစ္စရပ်များဆိုင်ရာ ဥရောပပါလီမန်၏ ဆွေးနွေးပွဲသို့တက်ရောက်ခြင်း။** ASEAN team at the European Parliament's Directorate-General for External Policies ၏ ဖိတ်ကြားချက်အရ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် "အာဆီယံအရေးကိစ္စရပ်များဆိုင်ရာ ဥရောပပါလီမန်၏ဆွေးနွေးပွဲ" သို့ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါ်မြတ်သီတာထွန်း တက်ရောက်ခဲ့သည်။ ဆွေးနွေးပွဲတွင် ကော်မတီဥက္ကဋ္ဌမှ အာဏာသိမ်းတစ်နှစ်ပြည့် အချိန်၌ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့်အခြေအနေများ၊ စစ်ကောင်စီတပ်များက အမျိုးသမီးများပေါ်၌ ကျူးလွန်လျက်ရှိသည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အခြေအနေများကို ဆွေးနွေးဖလှယ်ခဲ့ပြီး

ဥရောပပါလီမန်နှင့် နိုင်ငံတကာအသိုက်အဝန်းထံသို့ မြန်မာ့ဒီမိုကရေစီအရေးအတွက် ဝိုင်းဝန်းကူညီကြရန် တောင်းဆိုတိုက်တွန်းခဲ့သည်။

၂၁။ **"The Future of South Korean Democracy Assistance in the Asia Pacific" ဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။** ကိုရီးယားနိုင်ငံ၊ East Asia Institute (EAI) အဖွဲ့မှ ၂၀-၆-၂၀၂၂ ရက်နေ့တွင် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် ကျင်းပခဲ့သည့် "The Future of South Korean Democracy Assistance in the Asia Pacific" ဆွေးနွေးပွဲသို့ နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်မြတ်သီတာထွန်း တက်ရောက်၍ ယခင်လွှတ်တော်များတွင် နိုင်ငံတကာအကူအညီများ၏ အကျိုးဖြစ်ထွန်းမှု၊ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အတွေ့အကြုံများ၊ CRPH ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များအပေါ် နိုင်ငံတကာအကူအညီများ၏ အခန်းကဏ္ဍ၊ အရေးပါမှုနှင့် အကျိုးဖြစ်ထွန်းမှု၊ တော်လှန်ရေးကာလ အတွေ့အကြုံများနှင့် တောင်ကိုရီးယားနိုင်ငံအနေဖြင့် မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှုတွင် မည်သို့ကူညီဆောင်ရွက်ပေးသင့်ကြောင်းတို့ကို ဆွေးနွေးခဲ့သည်။

၂၂။ "**Solidarity with Parliamentarians: Defending the human rights of parliamentarians" ခေါင်းစဉ်ဖြင့် ကျင်းပသည့် ဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။** ၂၉-၆-၂၀၂၂ ရက်နေ့တွင် ဥရောပပါလီမန်၊ Democracy Support and Election Coordination Group က ကြီးမှူးကျင်းပသည့် "Solidarity with Parliamentarians: Defending the human rights of parliamentarians" ခေါင်းစဉ်ဖြင့် ကျင်းပသည့် ဆွေးနွေးပွဲသို့ နိုင်ငံတကာဆက်ဆံရေးကော်မတီဝင် ဦးဘုန်းကျော်တက်ရောက်၍ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ ဖွဲ့စည်းပေါ်ပေါက်လာပုံ၊ လုပ်ငန်းတာဝန်များ၊ အခန်းကဏ္ဍ၊ နိုင်ငံတကာအသိုက်အဝန်းက ပူးပေါင်းဆောင်ရွက်စေလိုသည့် ကဏ္ဍများ၊ အာဆီယံဘုံသဘောတူညီချက် အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ အားနည်းချက်များ၊ အကြမ်းဖက်စစ်ကောင်စီ၏ ဥပဒေချိုးဖောက်နေမှုများနှင့် ရွေးကောက်ပွဲကျင်းပ၍ နိုင်ငံတကာအား လှည့်စားရန် ကြိုးပမ်းနေမှုများ၊ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်လုပ်ငန်းနှင့် ကိုယ်စားပြုခြင်းတာဝန်များ ထမ်းဆောင်နေမှု၊ ကြုံတွေ့ရသောအခက်အခဲ၊ လူ့အခွင့်အရေးချိုးဖောက်ခံနေရမှုများနှင့် နိုင်ငံတကာက စစ်ကောင်စီအပေါ် ဖိအားပေးရေးတို့ကို ထည့်သွင်းဆွေးနွေးခဲ့သည်။

၂၃။ **ကမ္ဘာ့အမျိုးသမီးနိုင်ငံရေးခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခြင်း။** ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် "Building Forward Women Political Leaders Determining The New Normal." ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် "Women Political Leaders Summit 2021" ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြု ကော်မတီအဖွဲ့ဝင်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်မြတ်သီတာထွန်း တက်ရောက်ခဲ့သည်။ ဆွေးနွေးပွဲတွင်ကော်မတီဥက္ကဋ္ဌမှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံတွင် Covid-19 ကူးစက်ရောဂါကိုတားဆီးခဲ့ရပုံ၊ စစ်တပ်၏အာဏာသိမ်းမှုကြောင့် New Normal အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ထားမှုများရပ်တန့်သွားပုံ၊ စစ်တပ်မှ အမျိုးသမီးနိုင်ငံရေးခေါင်းဆောင်များအပါအဝင် တက်ကြွလှုပ်ရှားသူအမျိုးသမီးများ၊ ကလေးသူငယ်များအားနှိပ်စက်ခဲ့ပုံ၊ နွေဦးတော်လှန်ရေးတွင် အသက်အရွယ်မျိုးစုံ၊ ကဏ္ဍမျိုးစုံမှ အမျိုးသမီးများပါဝင်တော်လှန်နေကြပုံ၊ နိုင်ငံတကာအသိုင်းအဝိုင်းမှ မိမိတို့နှင့်အတူရပ်တည်၍ Covid-19 ကပ်ရောဂါဆိုးကို ကျော်လွှားနိုင်ရေး၊ စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုထူထောင်နိုင်ရေး ကူညီပေးရန်တောင်းဆိုကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

၂၄။ **နိုင်ငံတကာပါလီမန်များအဖွဲ့က ကြီးမှူးကျင်းပသည့်ဆွေးနွေးပွဲသို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့် တက်ရောက်ဆွေးနွေးခြင်း။** ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်သည့် နိုင်ငံတကာဒီမိုကရေစီနေ့တွင် နိုင်ငံတကာပါလီမန်များအဖွဲ့က "The IPU Universal Declaration on Democracy 25 years on, has the declaration stood the test of the time?" ခေါင်းစဉ်ဖြင့် ကျင်းပသည့် ဆွေးနွေးပွဲသို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်တက်ရောက်၍ မြန်မာနိုင်ငံ၏ အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။

၂၅။ **(၄၃) ကြိမ်မြောက် ကမ္ဘာ့လွှတ်တော်ကိုယ်စားလှယ်များ၏ နှစ်ပတ်လည်ဖိုရမ်နှင့် (၁၂) ကြိမ်မြောက် နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC)နှင့် တရားဥပဒေစိုးမိုးရေးအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးတိုင်ပင်ရေးညီလာခံသို့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြု**

ကော်မတီ၏ ကိုယ်စားလှယ်အဖွဲ့တက်ရောက်ခြင်း။ အာဂျင်တီးနား အောက်လွှတ်တော်ဥက္ကဋ္ဌ Dip. Sergio Massa နှင့် ကမ္ဘာလုံးဆိုင်ရာ အရေးယူတုံ့ပြန်မှုဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (Parliamentarians for Global Action- PGA) ၏ ဥက္ကဋ္ဌ Hon. Kasthuri Patto တို့၏ ဖိတ်ကြားချက်အရ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်မှ ၅ ရက်အတွင်း အာဂျင်တီးနားနိုင်ငံ၌ အာဂျင်တီးနားအမျိုးသားကွန်ဂရက်လွှတ်တော်က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် "(၄၃) ကြိမ်မြောက် ကမ္ဘာ့လွှတ်တော်ကိုယ်စားလှယ်များ၏ နှစ်ပတ်လည်ဖိုရမ်နှင့် (၁၂) ကြိမ်မြောက် နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) နှင့် တရားဥပဒေစိုးမိုးရေးအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးတိုင်ပင်ရေးညီလာခံ" သို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် တက်ရောက်ခဲ့ကြသည်။ ညီလာခံဒုတိယနေ့တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌသည် နိုဝင်ဘာလ (၅) ရက်နေ့တွင် "The Role of Legislators in Atrocity-Prevention: Democratic Backsliding, a Precursor to gross Human Rights Violations?" ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် ဆွေးနွေးပွဲသို့ပါဝင်ဆွေးနွေးခဲ့သည်။

ပညာရှင်များ ဖိတ်ခေါ်၍ ဆွေးနွေးပွဲများ ကျင်းပခြင်း

၂၆။ ပြည်ထောင်စုလွှတ်တော်အား တာဝန်ခံလျက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီအနေဖြင့် နိုင်ငံတကာဆက်ဆံရေးကဏ္ဍအား ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ရာတွင် မြန်မာ့အရေးဖြေရှင်းမှုအတွက် အဓိကကျသည့် ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံများ၏ နိုင်ငံရေးမူဝါဒများ၊ လက်ရှိကာလတွင်ထားရှိသည့် ရပ်တည်ချက်များနှင့် အနာဂတ်အလားအလာတို့နှင့်ပတ်သက်၍ နိုင်ငံတကာမှပညာရှင်များ၊ ကျွမ်းကျင်သူများဖိတ်ခေါ်၍ ဆွေးနွေးပွဲများ ကျင်းပပြုလုပ်လျက်ရှိပါသည်။ ယင်းဆွေးနွေးပွဲများမှရရှိသည့် သတင်းအချက်အလက်များ၊ ပညာရှင်များ၏ အကြံပြုချက်များကိုသုံးသပ်လျက် ပုံစံအမျိုးမျိုးဖြင့်ချဉ်းကပ်၍ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နိဂုံး

၂၇။ ပြည်ထောင်စုတစ်ဝှမ်းရှိ အလွှာပေါင်းစုံပြည်သူများမှ အသက်၊ သွေး၊ ချွေး၊ ဘဝများ အရင်းပြု၍တော်လှန်နေသည့် စစ်အာဏာရှင်တော်လှန်ရေးတွင် ပြည်သူ့ကိုယ်စားပြုလွှတ်တော် တစ်ရပ်အနေဖြင့် ပြည်သူနှင့်အတူရပ်တည်၍ လွှတ်တော်၏လုပ်ပိုင်ခွင့်နှင့်အညီ နိုင်ငံတကာ မျက်နှာစာတွင်အောင်ပွဲရရှိနိုင်ရေးအတွက် CRPH အနေဖြင့် ၂၀၂၃ ခုနှစ်တွင် လုပ်ငန်းအစီအစဉ် များချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် တော်လှန်ရေးအလွန် အသွင်ကူးပြောင်းရေး ကာလဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများအတွက်လည်း နိုင်ငံတကာအသိုက်အဝန်းထံမှ နည်းပညာနှင့် အခြားပံ့ပိုးကူညီမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ စဉ်ဆက်မပြတ်ရရှိစေရေးအတွက်လည်း လက်ရှိတွင်ကြိုးပမ်းဆောင်ရွက်နေပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU)၊ ဥရောပပါလီမန်(EP)၊ အာဆီယံပါလီမန်များအဖွဲ့ (AIPA) အပါအဝင် နိုင်ငံတကာ လွှတ်တော်များ၊ International IDEA အပါအဝင် အခြားသော လွှတ်တော်ဖွံ့ဖြိုးရေးအကူအညီပေး ရေးမိတ်ဖက်အဖွဲ့အစည်းများ၊ ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက် မှုတိုးမြှင့်ရေး ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။